# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၂၁ ရက်မြောက်နေ့အစီအစဉ်
# ၂၀ – ၉ – ၂၀၁၁ (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ် များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များက ဖြေကြားခြင်း–

(က) ဦးအောင်ကြိုင်၊ ညောင်ဦး မဲဆန္ဒနယ်၏ **"ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်မှု"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးဌေးဝင်း၊ လယ်ဝေး မဲဆန္ဒနယ်၏ **" လယ်ဝေးမြို့နယ်အတွင်း အထက်တန်းကျောင်းများတိုးမြှင့် ဖွင့်လှစ်ပေးရေး"** နှင့် စပ်လျဉ်း သည့် မေးခွန်း။

(ဂ) ဦးဂျီးဖုန်ဆားရ်၊ နောင်မွန်း မဲဆန္ဒနယ်၏ **" ရန်ပုံငွေ မရသေးသော ကျောင်းများနှင့် ဥပဓိရုပ်မကောင်းသောကျောင်းများ"** နှင့်စပ်လျဉ်း သည့် မေးခွန်း။

(ဃ) ဦးသန်းစိန်၊ ကြည့်မြင်တိုင် မဲဆန္ဒနယ်၏ **“ အခြေခံပညာ စာသင်ကျောင်း အချို့တွင် ဆရာ/ဆရာမများ လုံလောက်မှုမရှိခြင်း ”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးသန်းစိန်၊ ကြည့်မြင်တိုင် မဲဆန္ဒနယ်၏ **“ အခြေခံပညာ စာသင်ကျောင်း အချို့တွင် စာသင်ခုံများလုံလောက်မှု မရှိခြင်း ”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဒေါက်တာစိုးသူရ၊ ကျုံပျော် မဲဆန္ဒနယ်၏ **“ ဒိုက်ပျက်တိုက်နယ် အထက(ခွဲ)ကို သီးခြားစာစစ်ဌာန သတ်မှတ်ပေးရေး ”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးဖုံးတိန့်၊ ချီဖွေ မဲဆန္ဒနယ်၏ **“ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အစိုးရဌာနဆိုင်ရာ ဝန်ထမ်းများအတွက် နိုင်ငံတော်အစိုးရမှ ဒေသစရိတ် (ဝါ) ရှားပါးစရိတ်များကို အခြေအနေနှင့် လိုက်လျောညီထွေရှိသော နှုန်းထားပြောင်းလဲရေး ”** အဆိုတင်သွင်းခြင်း။

၇။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၈။ ဒေါက်တာစံလှိုင်၊ တောင်ကုတ် မဲဆန္ဒနယ်၏ **“ ရခိုင်ပြည်နယ်၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်း အလျင်အမြန် အကောင်အထည်ဖော်ပေးပါရန် ”** အဆိုတင်သွင်းခြင်း။

၉။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၀။ **“ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း”** ကို လွှတ်တော်အခွင့်အရေး ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ က တာဝန်ပေးအပ်သူက တင်သွင်းခြင်း။

၁၁။ **“ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ က တာဝန်ပေးအပ်သူက ဖတ်ကြားရှင်းလင်းခြင်း။

၁၂။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က **“ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း”** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်းနှင့် ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၃။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က **“ ၂၀၁၁ ခုနှစ် လယ်ယာမြေ ဥပဒေကြမ်း”** ကို ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆက်လက် ဆွေးနွေး၍ အတည်ပြုရန် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၄။ ဦးဌေးဦး၊ ဟသ်ာတ မဲဆန္ဒနယ် က **“ ၂၀၁၁ ခုနှစ် လယ်ယာမြေ ဥပဒေကြမ်း”** ကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၁၅။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က **“၂၀၁၁ ခုနှစ် လယ်ယာမြေ ဥပဒေကြမ်း”** ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၂၁ ရက်မြောက်နေ့ရပ်နားကြောင်း နှင့် အစည်းအဝေး ၂၂ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။